## ၁။ ဂုန်လျှော်ပင်စည်ထိုးကျိုင်း

**Jute stem weevil : *Apion corchori* (Marshall, 1972)**

**Coleoptera: Apionidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**



အရွယ်ရောက်အကောင်(အထီး)သည်အနက်ရောင်(သို့)အညိုရင့်ရောင်ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အမ၏ဥအုရာတွင်ထိုးထောက်သောအပေါက်များနှင့်ပင်စည်အားထိုးဖောက်မှုများကြောင့်ဂုန်လျှော်အရည်အသွေးအားကျဆင်းစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၃-၅)** ရက် |
| လောက်ကောင် အဆင့် | **– (၈ – ၁၈ )** ရက် |
| ရုပ်ဖုံး အဆင့် | **– (၄)** ရက် |
| အကောင်ကြီး အဆင့် | -(၂-၅)လ |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ရိတ်သိမ်းချိန်တွင်ဖျက်ပိုးကျရောက်ထားသောရိုးပြတ်များအားဖယ်ရှားပါ။

(၂) အပင် ဦးရေလျော့ချချိန်တွင် ဖျက်ပိုးကျရောက်ထားသောအပင်များအားဖယ်ရှားပါ။

(၃)နိုက်ထရိုဂျင်မြေဩဇာပုံမှန်ထည့်ပေးပါ။

(၄)စိုက်ချိန်စောစောစိုက်သောအပင်များတွင်ပိုမိုကျရောက်တတ်သဖြင့်နောက်ကျစိုက်ပျိုးပါ။

(၅) ထိသေ၊စားသေ (သို့) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်း အတိုင်း ပက်ဖျန်းပါ။

- လန့်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin
- ကာဘာရိုင်း(Carbaryl)
- အဆီဖိတ် (Acephate)